ဂေါျယ်မြို့ နိုင်ငံခြားသား နေထိုင်မှုလမ်းညွှန်စာအုပ်
Your Guide to Living in Geoje

미얀마어

ဂေါျယ်
A to Z

ဂေါျယ်ရဲ့ လူနေမှုဘဝ အစအဆုံး
သိချင်သမျှ အားလုံး ဒီစာအုပ်ထဲမှာ

နေထိုင်မှုဆိုင်ရာ အချက်အလက်များ
နိုင်ငံခြားသား စကားပြန်
နေထိုင်ရေး
လမ်းပန်းဆက်သွယ်ရေး
ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေး
ပညာရေး
အလုပ်အကိုင် အခွင့်အလမ်းများ
ယဉ်ကျေးမှုနှင့် အပန်းဖြေခြင်း
အရေးပေါ်နှင့် ဘေးအန္တရာယ်များ

ဂေါျယ်မြို့
GEOJE-SI

ဂေါဂျယ်မြို့ နိုင်ငံခြားသား နေထိုင်မှုလမ်းညွှန်စာအုပ်

Contents

အပိုင်း 1 ဂေါဂျယ်မြို့ မိတ်ဆက်ခြင်း 05

အပိုင်း 2 လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ဆိုင်ရာ လမ်းညွှန် 09

အပိုင်း 3 အုပ်ချုပ်ရေး ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန် 13

အပိုင်း 4 အလုပ်သမားနှင့် လုပ်ငန်းခွင် ရေးရာ 21

အပိုင်း 5 နေထိုင်မှုနှင့် ပတ်ဝန်းကျင် 27

အပိုင်း 6 ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ပညာရေး 33

အပိုင်း 7 နေထိုင်မှုဆိုင်ရာ အချက်အလက်များ 45

အပိုင်း 8 ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အားကစား 55

အပိုင်း 9 အသုံးဝင်သော ဆက်သွယ်ရန် ဖုန်းနံပါတ်များ 63

1
အပိုင်း

ဂေါဂျယ်မြို့ မိတ်ဆက်ခြင်း

1-1. လက်ရှိ အခြေအနေ အကျဉ်း

ဂေါ်ဂျယ်မှာ အတူတူ, နှလုံးသားချင်း ချိတ်ဆက်ကြစို့

ပင်လယ်ပြင်ရဲ့ ရင်ခွင်ထဲမှာ စက်မှုလုပ်ငန်းများ ရှင်သန်ကြီးထွားပြီး၊ သဘာဝအလှတရားများပေါ်မှာ ခရီးသွားလုပ်ငန်းများ ပွင့်လန်းလာသောမြို့ ဂေါ်ဂျယ်, အိပ်မက်များကို ပျိုးထောင်ပေးမယ့် ကျွန်း

ဂေါ်ဂျယ်မြို့သည် ကမ္ဘာ့အဆင့်မီ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၏ တက်ကြွလှုပ်ရှားမှု၊ Windy Hill နှင့် Oedo Island ကဲ့သို့သော သဘာဝအလှတရားများ ပြည့်နှက်နေသည့် ပင်လယ်ရှုခင်းများအပြင်၊ ကိုရီးယားစစ်ပွဲ၏ သမိုင်းဝင်အမွေအနှစ်များက ပင်လယ်ပြာပြာနှင့်အတူ စုစည်းတည်ရှိနေသည့် ဆွဲဆောင်မှုရှိသော မြို့တစ်မြို့ ဖြစ်ပါသည်။ သာမန် နေထိုင်ရာနေရာတစ်ခုမဟုတ်ပဲ လူတိုင်းရဲ့ အိမ်မက်ကို အကောင်အထည်ဖော်ပေးမည့် ဆွဲဆောင်မှုရှိသောကျွန်း၊ ဂေါ်ဂျယ်မြို့ ကို မိတ်ဆက်ပေးပါရစေ။



1-1 အခြေခံအချက်အလက်များ (2025 ခုနှစ် ဒီဇင်ဘာလအထိ)

စုစုပေါင်းလူဦးရေ **247,681 ဦး (နိုင်ငံသား 231,175 ဦး + နိုင်ငံခြားသား 16,506 ဦး)**

ဧရိယာ **403.87km²**

စီမံအုပ်ချုပ်ရေးနယ်မြေများ **18 ခု** (မြို့နယ် 9 ခု၊ ရပ်ကွက် 9 ခု) / ကျေးရွာ 198 ခု / အိမ်ခြေ 210 ခု

ကျောင်းများ **စုစုပေါင်း 97 ကျောင်း -** မူလတန်း 41၊ အလယ်တန်း 20၊ အထက်တန်း 10၊ အထူးပညာရေး 1၊ မူကြို 25

အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ

- **ရဲစခန်း**: ဗဟိုရဲစခန်း 1၊ နယ်မြေရဲစခန်း 5၊ ရပ်ကွက်ရဲစခန်း 4 (www.gnpolice.go.kr/gj)
- **မီးသတ်စခန်း**: ဗဟိုမီးသတ်စခန်း 1၊ 119 ကယ်ဆယ်ရေးစင်တာ 7၊ နယ်မြေမီးသတ်စခန်း 1 (www.gnfire.go.kr/geoje)
- ထုံယောင်းအခွန်ရုံး ဂေါ်ဂျယ်ရုံးခွဲ၊ ဂေါ်ဂျယ်ပညာရေးဌာန၊ ချန်ဝမ်ခရိုင်တရားရုံး ဂေါ်ဂျယ်ရုံးခွဲ၊ ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားသားရေးရာဌာန ဂေါ်ဂျယ်ရုံးခွဲ၊ ဂေါ်ဂျယ်အလုပ်အကိုင်နှင့်လူမှုဖူလုံရေးစင်တာ၊ ချန်ဝမ်ခရိုင်တရားရုံး ထုံယောင်းရုံးခွဲ၊ ဂေါ်ဂျယ်မြို့တရားရုံး၊ အမျိုးသားကျန်းမာရေးအာမခံဝန်ဆောင်ရေး ဂေါ်ဂျယ်ရုံးခွဲ၊ နိုင်ငံ့ပင်စင်ဝန်ဆောင်မှုအဖွဲ့ ဂေါ်ဂျယ်စင်တာ၊ ဂေါ်ဂျယ်စာတိုက်

မြို့ပြအထိမ်းအမှတ်များ

သင်္ကေတ

ဆောင်ပုဒ်



မုံကူ ကာတွန်းရုပ်



ဒယ်ဂွန်း ဒယ်ယန်း
မြို့ကိုယ်စားပြုအရုပ်

သဘာဝသင်္ကေတများ

ပင်လယ်ထင်းရှူးပင်



မြို့ကိုယ်စားပြု သစ်ပင်

လက်ဖက်နှင်းဆီပင်

မြို့ကိုယ်စားပြု ပန်း

ဇင်ယော်ငှက်

မြို့ကိုယ်စားပြု ငှက်

ကောဒ့် ငါး



မြို့ကိုယ်စားပြု ငါး

ဂေါဂျယ်မြို့
နိုင်ငံခြားသား
နေထိုင်မှုလမ်းညွှန်စာအုပ်

2
အပိုင်း

လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ဆိုင်ရာ လမ်းညွှန်



2-1. နိုင်ငံခြားသား မှတ်ပုံတင်ခြင်းနှင့် နေထိုင်ခွင့် ပြောင်းလဲခြင်း

2-2. နေထိုင်ခွင့်ဆိုင်ရာ ဆက်သွယ်ရန်

2-1 နိုင်ငံခြားသား မှတ်ပုံတင်ခြင်းနှင့် နေထိုင်ခွင့် ပြောင်းလဲခြင်း

■ နိုင်ငံခြားသားမှတ်ပုံတင်ခြင်း

| မှတ်ပုံတင်ရမည့် သူများ | ကိုရီးယားနိုင်ငံတွင် ရက်ပေါင်း ၉၀ ထက်ကျော်လွန်၍
နေထိုင်လိုသော နိုင်ငံခြားသားများ

| လျှောက်ထားရန် နည်းလမ်း | လူဝင်မှုကြီးကြပ်ရေးရုံးသို့ လူကိုယ်တိုင်သွားရောက်လျှောက်ထားရန်

| လိုအပ်သောစာရွက်စာတမ်းများ | ပတ်စပို့၊ ကာလာပတ်စ်ပို့ဓာတ်ပုံ 2 ပုံ (3.5×4.5 စင်တီမီတာ)
လုပ်ငန်းလိုင်စင် သို့ ကျောင်းဝင်ခွင့် စသော
သက်ဆိုင်ရာဗီဇာအမျိုးအစားအလိုက် စာရွက်စာတမ်းများ

| လျှောက်လွှာဖောင် | လျှောက်လွှာဖောင်
www.hikorea.go.kr ▶ သတင်းနှင့် အသိပေးချက်များ ▶ လျှောက်လွှာဖောင်များ

| လျှောက်ထားရမည့်နေရာ | ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးရုံး ဂေါ်ဂျယ်ရုံးခွဲ
(24၊ Yeonsa 1-gil၊ Yeoncho-myeon၊ Geoje-si၊ Gyeongnam)

| ကြာမြင့်ချိန် | လာရောက်လျှောက်ထားသည့်နေ့တွင် ချက်ချင်းဆောင်ရွက်ပေးမည်

| ဝန်ဆောင်ခ | 30,000 ဝမ်

| ဆက်သွယ်ရန် | ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးရုံး ဂေါ်ဂျယ်ရုံးခွဲ (☎055-681-8133)

■ နိုင်ငံခြားသား နေရပ်လိပ်စာပြောင်းလဲကြောင်း သတင်းပို့ခြင်း

| တိုင်ကြားရမည့်သူ | နိုင်ငံခြားသားမှတ်ပုံတင်ပြီး နေရပ်လိပ်စာပြောင်းရွှေ့ထားသော နိုင်ငံခြားသား

| အကြောင်းကြားရမည့် သတ်မှတ်ရက် | နေရပ်လိပ်စာ ပြောင်းရွှေ့သည့်နေ့မှစ၍ ၁၅ ရက်အတွင်း

| အကြောင်းကြားရမည့် နေရာ | သက်ဆိုင်ရာ လဝကရုံး၊ မြို့တော်ခန်းမ၊ မြို့နယ်/ရပ်ကွက်ရုံး

| လိုအပ်သောစာရွက်စာတမ်းများ | နိုင်ငံခြားသားမှတ်ပုံတင် (ပတ်စပို့၊ အိုင်ဒီကတ်,
ပြည်တွင်းနေထိုင်ခွင့်စာရွက် အပါအဝင်)၊ နေရပ်လိပ်စာ
အထောက်အထားစာရွက် (အိမ်ငှားစာချုပ် သို့ တည်းခိုကြောင်း စာရွက် စသည်)

| ဝန်ဆောင်ခ | မရှိ
| ဆက်သွယ်ရန် | ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုဌာန (☎055-639-3556)
ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးရုံး ဂေါ်ဂျယ်ရုံးခွဲ (☎055-681-8133)

■ လူဝင်မှုကြီးကြပ်ရေးရုံး၏ တာဝန်များ

ဂေါ်ဂျယ်မြို့ လူဝင်မှုကြီးကြပ်ရေးရုံး **လိပ်စာ**: **24**၊ Yeonsa 1-gil၊ Yeoncho-myeon၊ Geoje-si၊ Gyeongnam
ဆက်သွယ်ရန်: ☎055-681-8133

- · သက်ဆိုင်ရာစာရွက်စာတမ်းထုတ်ပေးခြင်း
- · နိုင်ငံခြားသား လူဝင်မှုကြီးကြပ်ရေးစစ်ဆေးမှု
- · အထောက်အထားစာရွက်စာတမ်း အမျိုးမျိုး ထုတ်ပေးခြင်း: မြို့တော်ခန်းမ၊ လဝကရုံး၊ မြို့နယ်/ရပ်ကွက်ရုံး
- · နေထိုင်မှုဆိုင်ရာ အထွေထွေကိစ္စရပ်များ: နိုင်ငံခြားသား မှတ်ပုံတင်ခြင်း၊ နေထိုင်ခွင့် သက်တမ်းတိုးခြင်း၊ နေထိုင်ခွင့် ဗီဇာပြောင်းလဲခြင်း၊ ပြည်ဝင်ခွင့်လျှောက်ခြင်း စသည်။
- · ပြစ်မှုစုံစမ်းစစ်ဆေးမှု: တရားမဝင်နေထိုင်သူများ၏ မိမိဆန္ဒအလျောက် ပြည်ထွက်ရန်တိုင်ကြားခြင်း၊
ဒဏ်ငွေ ကောက်ခံခြင်းနှင့် နိုင်ငံခြားသားများနှင့်ပတ်သက်သည့် တိုင်ကြားစာများ စစ်ဆေးခြင်း

2-2 နေထိုင်ခွင့်ဆိုင်ရာ ဆက်သွယ်ရန်

■ နေထိုင်ခွင့်ဆိုင်ရာ ဆက်သွယ်ရန်

ရုံးများ	တည်နေရာ	ဆက်သွယ်ရန်
ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးရုံး	30, Je2budu-ro, Masanhappo-gu, Changwon-si, Gyeongnam (Sinpo-dong 1-ga)	055-981-6000
ချန်ဝမ် လူဝင်မှုကြီးကြပ်ရေးရုံး (ဂေါ်ဂျယ်ရုံးခွဲ)	24, Yeonsa 1-gil, Yeoncho-myeon, Geoje-si, Gyeongnam	055-681-8133

■ ကိုရီးယားနိုင်ငံရှိ ပြည်ပသံတမန်အဖွဲ့များနှင့် တောင်ကိုရီးယားသံရုံးများ

ရုံးများ	ဆက်သွယ်ရန်	ရုံးများ	ဆက်သွယ်ရန်
အမေရိကန်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+1-202-939-5600~3	တောင်ကိုရီးယားဆိုင်ရာ အမေရိကန်သံရုံး	02-397-4114
တရုတ်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+86-10-8531-0700	တောင်ကိုရီးယားဆိုင်ရာ ရုရှားသံရုံး	02-318-2116
ဂျပန်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+81-3-3452-7611~9	တောင်ကိုရီးယားဆိုင်ရာ တရုတ်သံရုံး	02-738-1077
ထိုင်းဆိုင်ရာ တောင်ကိုရီးယားသံရုံး	+66-2-247-7537~9	တောင်ကိုရီးယားဆိုင်ရာ ဂျပန်သံရုံး	02-2170-5200
ဗီယက်နမ်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+84-24-3831-5110~6	တောင်ကိုရီးယားဆိုင်ရာ ဗီယက်နမ်သံရုံး	02-720-5124
မွန်ဂိုဆိုင်ရာ တောင်ကိုရီးယားသံရုံး	+976-7007-1020	တောင်ကိုရီးယားဆိုင်ရာ ထိုင်းသံရုံး	02-795-0095
ဖိလစ်ပိုင်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+63-2-8856-9210	တောင်ကိုရီးယားဆိုင်ရာ ဖိလစ်ပိုင်သံရုံး	02-796-7387
ကမ္ဘောဒီးယားဆိုင်ရာ တောင်ကိုရီးယားသံရုံး	+855-23-211-900	တောင်ကိုရီးယားဆိုင်ရာ ဥဇဘက်ကစ္စတန်သံရုံး	02-574-6554
ရုရှားဆိုင်ရာ တောင်ကိုရီးယားသံရုံး	+7-495-783-2727	တောင်ကိုရီးယားဆိုင်ရာ ကမ္ဘောဒီးယားသံရုံး	02-3785-1046
လာအိုဆိုင်ရာ တောင်ကိုရီးယားသံရုံး	+856-21-352-031~3	တောင်ကိုရီးယားဆိုင်ရာ လာအိုသံရုံး	02-796-1713
ဥဇဘက်ကစ္စတန်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+998-71-252-3151~3	တောင်ကိုရီးယားဆိုင်ရာ မွန်ဂိုးလီးယားသံရုံး	02-798-3464
နီပေါဆိုင်ရာ တောင်ကိုရီးယားသံရုံး	+977-1-427-0172	တောင်ကိုရီးယားဆိုင်ရာ နီပေါသံရုံး	02-3789-9770
ယူကရိန်းဆိုင်ရာ တောင်ကိုရီးယားသံရုံး	+380-44-246-3759~61	တောင်ကိုရီးယားဆိုင်ရာ ယူကရိန်းသံရုံး	02-790-5696
မြန်မာဆိုင်ရာ တောင်ကိုရီးယားသံရုံး	+95-1-527-142~4	တောင်ကိုရီးယားဆိုင်ရာ မြန်မာသံရုံး	02-790-3814
ကာဇက်စတန်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+7-7172-572-100	တောင်ကိုရီးယားဆိုင်ရာ ကာဇက်စတန်သံရုံး	02-379-9714
ကာဂျစ္စတန်ဆိုင်ရာ တောင်ကိုရီးယားသံရုံး	+996-312-579-771~3	တောင်ကိုရီးယားဆိုင်ရာ ကာဂျစ္စတန်သံရုံး	02-379-0951

2-2 နေထိုင်ခွင့်ဆိုင်ရာ ဆက်သွယ်ရန်

■ နိုင်ငံခြားသား ဘာသာပြန်နှင့် ဆွေးနွေးတိုင်ပင်မှုဆိုင်ရာ ဆက်သွယ်ရန်

ရုံးများ	ဆွေးနွေးတိုင်ပင်နိုင်သည့် အကြောင်းအရာ	ရုံးဖွင့်ချိန်	စုံစမ်းမေးမြန်းရန်
နိုင်ငံခြားသား လမ်းညွှန်စင်တာ	· နိုင်ငံခြားသား ဝင်ခွင့်/ထွက်ခွင့်၊ နေထိုင်ခွင့်၊ ဗီဇာသက်တမ်းတိုးခြင်း၊ PRလျှောက်ထားခြင်း၊ နိုင်ငံသားလျှောက်ထားခြင်း စသည့် တိုင်ပင်ဆွေးနွေးခြင်း	365 ရက် / 24 နာရီ	1345
ဒါနူရီ ကောစင်တာ	· အိမ်ထောင်သည်များအတွက် ကိုရီးယားလူနေမှုဘဝ သတင်းအချက်အလက်၊ ဥပဒေနှင့် အလုပ်သမားရေးရာ အကြံပေးခြင်း – ၃ပွင့်ဆိုင် ဖုန်းခေါ်ဆိုခြင်းနှင့် ဘာသာပြန်ခြင်း၊ တရားဝင်စာရွက်စာတမ်းများ ဘာသာပြန်ခြင်း၊ အရေးပေါ်ခိုလှုံရာနေရာ ပံ့ပိုးခြင်း	365 ရက် / 24 နာရီ	1577-1366
ကိုရီးယားခရီးသွား လုပ်ငန်းအဖွဲ့အစည်း	· ခရီးသွားအချက်အလက်နှင့် လမ်းညွှန် – ဘာသာစကား ၈ မျိုး (အင်္ဂလိပ်၊ ဂျပန်၊ ဗီယက်နမ် စသည်)	365 ရက် / 07:00~24:00 (တရုတ်ဘာသာ 24 နာရီ)	1330
BBB KOREA	· စကားပြန် စေတနာ့ဝန်ထမ်းအဖွဲ့နှင့် ချိတ်ဆက်ပေးသည့် စကားပြန် ဝန်ဆောင်မှု	365 ရက် / 24 နာရီ	1588-5644

■ နိုင်ငံခြားသားများအတွက် ဘာသာစကားပေါင်းစုံ ဝက်ဘ်ဆိုက်

ရုံးများ	ဝက်ဘ်ဆိုက်လိပ်စာ	စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ	ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ
HiKorea	http://www.hikorea.go.kr	တရားရေးဝန်ကြီးဌာန	လာရောက်မည့်ရက်ဘိုကင်တင်ခြင်း၊ ပြည်ဝင်ခွင့်လျှောက်ထားခြင်းနှင့် နေထိုင်ခွင့်သက်တမ်းတိုးခြင်း စသည့် တရားရေးဝန်ကြီးဌာနဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုများ (အွန်လိုင်း)
ဒါနူရီ	http://www.liveinkorea.kr	မိခင်နှင့်ကလေးဝန်ကြီးဌာန	နိုင်ငံစုံ မိသားစုများအတွက် ကိုရီးယားဘာသာစကား ပညာရေးနှင့် ကိုရီးယား လူနေမှုဘဝ လမ်းညွှန်များ
Barun Korean	http://korean.cuk.edu	ဂိုလျော အဝေးသင် တက္ကသိုလ်	ကိုရီးယားဘာသာစကား ပညာရေး
နိုင်ငံခြားသား အမျိုးသမီးများအတွက် လူ့အခွင့်အရေး စင်တာ	http://www.wmigrant.org	နိုင်ငံခြားသားအမျိုးသမီးများအတွက် လူ့အခွင့်အရေးစင်တာ	ဆွေးနွေးတိုင်ပင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးဌာနများသို့ လွှဲပြောင်းပေးခြင်း

3
အပိုင်း

အုပ်ချုပ်ရေး ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန်

3-1. နိုင်ငံခြားသားနှင့် သက်ဆိုင်သော စာရွက် မှတ်ပုံတင်ခြင်းနှင့် ထုတ်ပေးခြင်း

3-2. သန်းခေါင်စာရင်း တိုင်ကြားခြင်း

3-3. ဒေသတွင်း အခွန်ဆိုင်ရာ လမ်းညွှန်ချက်

3-4. ပြည်သူ့ဝန်ဆောင်မှု အသုံးပြုခြင်း

3-1 နိုင်ငံခြားသားဆိုင်ရာ သက်သေခံစာရွက် မှတ်ပုံတင်ခြင်းနှင့် ထုတ်ပေးခြင်း

■ နိုင်ငံခြားသားဖြစ်ကြောင်း သက်သေခံစာရွက်၊ ပြည်တွင်းနေထိုင်ကြောင်း စာရွက်၊ ပြည်ဝင် / ထွက်မှုဆိုင်ရာ သက်သေခံစာရွက် ထုတ်ပေးခြင်း

* အင်တာနက်မှ လျှောက်ထားခြင်း: www.gov.kr တွင် 'ကာယကံရှင်ကိုယ်တိုင်' ဖြစ်ပါက ကိုယ်ရေးအချက်အလက် စစ်ဆေးအတည်ပြုပြီးနောက် ထုတ်ယူနိုင်ပါသည်။

|ထုတ်နိုင်သည့်သူ| လဝက လုပ်ထုံးလုပ်နည်းများအတိုင်း အိုင်ဒီကတ် ပြုလုပ်ထားသည့် နိုင်ငံခြားသား

|ထုတ်နိုင်သည့် နေရာ| သက်ဆိုင်ရာ လဝကရုံး၊ မြို့တော်ခန်းမ၊ မြို့နယ်/ရပ်ကွက်ရုံး

|ထုတ်နိုင်သည့် နေရာ| ကိုယ်တိုင်လျှောက်လျှင်: အိုင်ဒီကဒ် သို့ ပြည်တွင်းနေထိုင်ခွင့်ကတ်
ကိုယ်စားလျှောက်လျှင်: ကိုယ်စားလှယ်လွှဲစာ၊ လွှဲအပ်သူနှင့် ကိုယ်စားလှယ်၏
မှတ်ပုံတင် / အိုင်ဒီကတ် စသည်။

|ဝန်ဆောင်ခ| 2000 ဝမ်

|ဆက်သွယ်ရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3556)

■ တရားဝင်လက်မှတ်တုံး မှတ်ပုံတင်ခြင်း

|မှတ်ပုံတင်ရန် နေရာ| နေရပ်လိပ်စာနှင့် သက်ဆိုင်သော မြို့နယ်/ရပ်ကွက်ရုံး

|လိုအပ်သောစာရွက်စာတမ်းများ| အိုင်ဒီကတ် သို့ ပြည်တွင်းနေထိုင်ခွင့်ကတ်၊ ပတ်စပို့နှင့်
ကိုယ်ပိုင်တံဆိပ်တုံးနှင့်အတူ လူကိုယ်တိုင် လာရောက်ရန်

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3574)

■ နိုင်ငံခြားသား တရားဝင်လက်မှတ်တုံး ထောက်ခံစာ ထုတ်ပေးခြင်း

|ထုတ်ပေးသည့် ဌာန| နိုင်ငံတဝှမ်းရှိ မြို့၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်/ရပ်ရွာရုံးများ

|လိုအပ်သောစာရွက်စာတမ်းများ| ကိုယ်တိုင်လျှောက်လျှင်: အိုင်ဒီကတ် သို့ ပြည်တွင်းနေထိုင်ခွင့်ကတ်
ကိုယ်စားလျှောက်လျှင်: ကိုယ်စားလှယ်လွှဲစာ၊ လွှဲအပ်သူနှင့် ကိုယ်စားလှယ်၏
မှတ်ပုံတင် / အိုင်ဒီကတ်

|ဝန်ဆောင်ခ| တစ်ခု 600 ဝမ်

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3574)

■ ကာယကံရှင် ကိုယ်တိုင်လက်မှတ်ရေးထိုးမှု မှန်ကန်ကြောင်းထောက်ခံစာ

|ထုတ်ပေးသည့် ဌာန| နိုင်ငံတဝှမ်းရှိ မြို့၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်/ရပ်ရွာရုံးများ

|လိုအပ်သောစာရွက်စာတမ်းများ| အိုင်ဒီကတ် သို့ ပြည်တွင်းနေထိုင်ခွင့်ကတ်

|ဝန်ဆောင်ခ| တစ်စောင် 600 ဝမ် ※ 2028 ခုနှစ် ဒီဇင်ဘာလ 31 ရက်နေ့အထိ ဝန်ဆောင်ခ အခမဲ့

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3574)

3-1 နိုင်ငံခြားသားဆိုင်ရာ သက်သေခံစာရွက် မှတ်ပုံတင်ခြင်းနှင့် ထုတ်ပေးခြင်း

■ နိုင်ငံခြားသားဆိုင်ရာ စာရွက်စာတမ်း ထုတ်ပေးခြင်း လမ်းညွှန်

အမျိုးအစားခွဲခြားခြင်း		လျှောက်ထားနိုင်သူ	အကြောင်းကြားရမည့် သတ်မှတ်ရက်	ဆောင်ရွက်ပေးသည့် ရုံး/ဌာန	မှတ်ချက်
အကြောင်းကြားစာ / တိုင်ကြားစာ	မှတ်ပုံတင်ထားသော နိုင်ငံခြားသား နေရပ်လိပ်စာပြောင်းလဲမှု တိုင်ကြားခြင်း	နေရပ်လိပ်စာ ပြောင်းရွှေ့ခဲ့သော နိုင်ငံခြားသားများ	နေရပ်လိပ်စာ ပြောင်းသည့်နေ့မှစ၍ ၁၅ ရက်အတွင်း	ပြောင်းသည့် လိပ်စာနှင့် သက်ဆိုင်သော မြို့၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့ လဝကရုံး	· လာရောက်ထုတ်ယူခြင်း (အွန်လိုင်းဖြင့် လျှောက်ထားနိုင်) · အိုင်ဒီကတ်နောက်ကျောရှိ အချက်အလက်များပြောင်းလဲမှု အကွက်တွင် နေရာမကျန်ပါက လဝကရုံးသို့ အကြောင်းကြားရန်
	နိုင်ငံခြားသားအနွယ် ကိုရီးယားလူမျိုးများ ပြည်တွင်းလိပ်စာပြောင်းလဲမှု တိုင်ကြားခြင်း				
ထုတ်ပေးခြင်း	နိုင်ငံခြားသား မှန်ကန်ကြောင်း ထောက်ခံစာ	မှတ်ပုံတင်ထားသော နိုင်ငံခြားသား		မြို့၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်	· အွန်လိုင်း · လာရောက်ထုတ်ယူခြင်း
	ပြည်တွင်း နေထိုင်မှု မှန်ကန်ကြောင်း ထောက်ခံစာ				
	ပြည်ဝင်/ထွက် မှန်ကန်ကြောင်း ထောက်ခံစာ				
	နိုင်ငံခြားသား တံဆိပ်တုံး လက်မှတ်	မှတ်ပုံတင်ထားသော နိုင်ငံခြားသားများထဲမှ လက်မှတ်တံဆိပ်တုံး လျှောက်ထားသူ		မြို့၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်	· လာရောက်ထုတ်ယူခြင်း
	ကာယကံရှင် ကိုယ်တိုင်လက်မှတ်ရေးထိုးမှု မှန်ကန်ကြောင်းထောက်ခံစာ	မှတ်ပုံတင်ထားသော နိုင်ငံခြားသား		မြို့၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်	· လာရောက်ထုတ်ယူခြင်း
	သန်းခေါင်စာရင်း	သန်းခေါင်စာရင်း မှတ်ပုံတင်ထားသူ		မြို့၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်	· လာရောက်ထုတ်ယူခြင်း (နိုင်ငံသားဖြစ်သည့် သူများအတွက် အလိုအလျောက်ထုတ်စက်ဖြင့် ထုတ်ယူနိုင်သည်)
	လက်ထပ်စာချုပ်				
	အခြေခံ စာရွက်စာတမ်း				
	နေထိုင်သူ မှတ်ပုံတင်နှင့် မိတ္တူ				
	မေးစားခြင်းဆိုင်ရာ ထောက်ခံစာ				
	နိုင်ငံတော်အခွန်ပေးဆောင်မှု ထောက်ခံစာ	မှတ်ပုံတင်ထားသော နိုင်ငံခြားသား		အခွန်ရုံး	· လာရောက်ထုတ်ယူခြင်း · ဟုမ်းတက်စ် ဝဘ်ဆိုဒ် (hometax.go.kr)

3-2 မိသားစုဆက်ဆံရေးအစီရင်ခံစာ

■ လက်ထပ်စာရင်းသွင်းခြင်း

|လျှောက်ထားနိုင်သူ| ကိုရီးယားလူမျိုးနှင့် လက်ထပ်ထားသော နိုင်ငံခြားသားများ

|လျှောက်ရမည့်ကာလ| မရှိ (သို့သော်၊ နိုင်ငံခြားတွင် လက်ထပ်ခဲ့သော် လက်ထပ်သည့်ရက်မှစ၍ ၃ လအတွင်း တိုင်ကြားရမည်)

|လိုအပ်သောစာရွက်စာတမ်းများ| တရားဝင် လက်ထပ်စာချုပ်၊ မှတ်ပုံတင်ကတ် (နိုင်ငံခြားသားများအတွက် ပတ်စပို့ သို့ အိုင်ဒီကတ်)၊ လူလွတ် ဖြစ်ကြောင်းထောက်ခံစာ မူရင်းနှင့် ကိုရီးယားဘာသာပြန်

|လျှောက်ထားရမည့် နေရာ| နိုင်ငံတစ်ဝန်းရှိ မြို့၊ တိုင်း၊ မြို့နယ်ရုံး

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3575)

3-2 သန်းခေါင်စာရင်းဆိုင်ရာ တိုင်ကြားခြင်း

■ ကွာရှင်းပြတ်စဲခြင်း

|တိုင်ကြားနိုင်သူများ| ကိုရီးယားလူမျိုးနှင့် ကွာရှင်းရန် လုပ်ဆောင်နေသော နိုင်ငံခြားသား

|တိုင်ကြားရမည့် ကာလ| ကွာရှင်းပြတ်စဲမှု အတည်ဖြစ်သည့်နေ့မှ ၁ လအတွင်း

|လိုအပ်သောစာရွက်စာတမ်းများ| **နှစ်ဦးသဘောတူကွာရှင်းလျှင်**: ကွာရှင်းလိုကြောင်း အတည်ပြုလွှာ၊
မှတ်ပုံတင်ကတ် (နိုင်ငံခြားသားများအတွက် ပတ်စပို့၊ အိုင်ဒီကတ်)
တရားရုံးစီရင်ချက်ဖြင့် ကွာရှင်းလျှင်: ကွာရှင်းပြတ်စဲမှု
တရားရုံးစီရင်ချက်စာ၊ မှတ်ပုံတင် (နိုင်ငံခြားသားများအတွက်
ပတ်စပို့ သို့ အိုင်ဒီကတ်)၊ အိမ်ထောင်ရေးစာချုပ်မှုရင်းနှင့်
ကိုရီးယားဘာသာပြန်

|လျှောက်ထားရမည့် နေရာ| နိုင်ငံတစ်ဝန်းရှိ မြို့၊ တိုင်း၊ မြို့နယ်ရုံး

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3575)

■ ကလေးမွေးဖွားကြောင်း တိုင်ကြားခြင်း

|တိုင်ကြားနိုင်သည့်သူ| ကိုရီးယားလူမျိုးနှင့် နိုင်ငံခြားသားမှ မွေးဖွားသော ကလေး

|တိုင်ကြားရမည့်ကာလ| မွေးနေ့မှ ၁ လအတွင်း

|လိုအပ်သောစာရွက်စာတမ်းများ| မွေးစာရင်းလျှောက်လွှာ၊ မွေးထောက်ခံစာ၊ ဖခင် သို့ မိခင်၏ မှတ်ပုံတင်ကတ်

* နိုင်ငံသားနှစ်ခုခံယူထားသည့် ကလေးများအတွက်: ကလေး ပတ်စ်ပို့ ယူဆောင်လာရမည်။

|တိုင်ကြားရမည့် နေရာ| ကလေး မှတ်ပုံတင်ထားသော နေရပ်လိပ်စာ (နိုင်ငံခြားသားဆိုင်ရာ
တိုင်ကြားမှုများလည်း ထိုနေရာတွင်) သို့ သက်ဆိုင်သော မြို့နယ်/ရပ်ကွက်၊
တိုင်ကြားသူ၏ လိပ်စာ သို့ လက်ရှိနေရာ၏ မြို့၊ တိုင်း၊ မြို့နယ်ရုံး

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3575)

■ သေဆုံးကြောင်း တိုင်ကြားခြင်း

|တိုင်ကြားနိုင်သည့် သူ| ကိုရီးယားလူမျိုး၏ သန်းခေါင်စာရင်းတွင် မှတ်ပုံတင်ထားသော
နိုင်ငံခြားသား မိသားစုဝင်

|တိုင်ကြားနိုင်သည့် ကာလ| သေဆုံးကြောင်း သိရှိသည့်နေ့မှ ၁လအတွင်း

|လိုအပ်သောစာရွက်စာတမ်းများ| သေဆုံးခြင်းလျှောက်လွှာ၊ သေဆုံးလက်မှတ် သို့
ရင်ခွဲစစ်ဆေးချက်လက်မှတ်၊ မှတ်ပုံတင်ကတ်၊ လက်မှတ်တံဆိပ်တုံး

|တိုင်ကြားရမည့် ဌာန| သေဆုံးသူ၏ နေရပ်လိပ်စာနှင့် သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်၊ တိုင်ကြားသူ၏
လိပ်စာ သို့ လက်ရှိနေရာ၏ မြို့၊ တိုင်း၊ မြို့နယ်ရုံး

|စုံစမ်းရန်| ဂေါ်ဂျယ်မြို့တော်ခန်းမ ပြည်သူ့ဝန်ဆောင်မှုရုံး (☎055-639-3575)

3-3 ဒေသတွင်း အခွန်ဆိုင်ရာ လမ်းညွှန်ချက်

■ ဒေသတွင်း အခွန်ဆိုင်ရာ လမ်းညွှန်ချက်

ပြည်သူ့အခွန်
(နှစ်စဉ် ဩဂုတ်လ)

| အခွန်ထမ်းဆောင်ရန်တာဝန်ရှိသူ | နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့အထိ ကိုရီးယားတွင် လိပ်စာရှိသော ကိုရီးယားနှင့် နိုင်ငံခြားသားများ (အိမ်ထောင်စုအလိုက်)

| ပေးဆောင်ရမည့်အခွန်ပမာဏ | 1,000 ဝမ်

| အခွန်ပေးသွင်းရမည့်ကာလ | နှစ်စဉ် ဩဂုတ်လ ၁၆ ရက်-၃၁ ရက်အထိ

| စုံစမ်းရန် | ဂေါ်ဂျယ်မြို့တော်ခန်းမ အခွန်ဌာန (☎055-639-3435)

ကားအခွန်
(နှစ်စဉ် ဇွန်လ၊ ဒီဇင်ဘာလ)

| အခွန်ထမ်းဆောင်ရန်တာဝန်ရှိသူ | ယာဉ်မှတ်ပုံတင်စာအုပ်တွင် ဖော်ပြထားသော ပိုင်ရှင်
※ မော်တော်ဆိုင်ကယ်နှင့် ဆောက်လုပ်ရေးစက်ပစ္စည်းများ ပါဝင်သည်

| ပေးဆောင်ရမည့်အခွန်ပမာဏ | လူစီးမော်တော်ယာဉ်: အင်ဂျင်ပါဝါ (cc) အလိုက် တွက်ချက်သည်။ အခြားယာဉ်များ: ယာဉ်အမျိုးအစားအလိုက် သတ်မှတ်နှုန်းထားအတိုင်း ဖြစ်သည်

| အခွန်ပေးသွင်းရမည့်ကာလ |

ပုံမှန်ကောက်ခံမှု ပထမအကြိမ်: နှစ်စဉ် ဇွန်လ ၁၆ ရက်: ၃၀ ရက်အထိ (ဇန်နဝါရီလမှ ဇွန်လအထိ မော်တော်ကားအခွန်)
ဒုတိယအကြိမ်: နှစ်စဉ် ဒီဇင်ဘာလ ၁၆ ရက်: ဒီဇင်ဘာလ ၃၁ ရက်အထိ (ဇူလိုင်လမှ ဒီဇင်ဘာလအထိ မော်တော်ကားအခွန်)

အရေးပေါ်/အခါအားလျော်စွာ ကောက်ခံမှု ယာဉ်လွှဲပြောင်းခြင်း သို့ ဖျက်သိမ်းခြင်း စသည့် ဖြစ်ပွားသည့် လ၏ နောက်လ (မော်တော်ယာဉ် ပိုင်ဆိုင်သည့် ရက်အရေအတွက်အား တွက်ချက်ခြင်း)

| စုံစမ်းရန် | ဂေါ်ဂျယ်မြို့တော်ခန်းမ အခွန်ဌာန (☎055-639-3486)

အိမ်ခြံမြေအခွန်
(နှစ်စဉ် ဇူလိုင်လ၊ စက်တင်ဘာလ)

| အခွန်ထမ်းဆောင်ရန်တာဝန်ရှိသူ | နှစ်စဉ် ဇွန်လ ၁ ရက်နေ့အထိ အိမ်၊ အဆောက်အဦး၊ မြေကွက်၊ သင်္ဘော ပိုင်ဆိုင်သူများ

| ပေးဆောင်ရမည့်အခွန်ပမာဏ | အခွန်စည်းကြပ်မှုဆိုင်ရာ ပစ္စည်းအမျိုးအစားအလိုက် ဈေးကွက်ပေါက်ဈေးစံနှုန်းပေါ် မူတည်၍ အခွန်စနစ်ဖြင့် တွက်ချက်ခြင်း

| အခွန်ပေးသွင်းရမည့်ကာလ |

နေအိမ်/အိမ်ရာ (ပူးတွဲမြေကွက် အပါအဝင်) ※ ဝမ် 200,000 နှင့် အောက်: ပထမအကြိမ်တွင် စုစုပေါင်းပမာဏအားလုံးကို တစ်ကြိမ်တည်း ပေးသွင်းရန် ※ ဝမ် 200,000 ထက်ကျော်လွန်ပါက : ပထမအကြိမ်နှင့် ဒုတိယအကြိမ်တွင် တစ်ဝက်စီ (2) ကြိမ်ခွဲ၍ ပေးသွင်းရန်	ပထမအကြိမ်	နှစ်စဉ် ဇူလိုင်လ ၁၆ ရက်~ ဇူလိုင်လ ၃၁ ရက်
	ဒုတိယအကြိမ်	နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်~ စက်တင်ဘာလ ၃၀ ရက်

| စုံစမ်းရန် | ဂေါ်ဂျယ်မြို့တော်ခန်းမ အခွန်ဌာန (☎055-639-3472~6)

3-3 ဒေသတွင်း အခွန်ဆိုင်ရာ လမ်းညွှန်ချက်

■ အခွန်ပေးဆောင်ရန်နည်းလမ်းများ

ဘဏ်သို့
သွားရောက်ခြင်း
(အခွန်တောင်းခံလွှာ
ယူဆောင်လာရန်)

အခွန်ဌာန၏
ယာယီအကောင့်သို့
ပေးဆောင်ခြင်း
(မြို့တော်ခန်းမ
သို့ ရပ်ကွက်ရုံးတွင်
မေးမြန်းရန်)

အင်တာနက်မှ
ပေးဆောင်ခြင်း
(www.wetax.go.kr)

ခရက်ဒစ်ကတ်ဖြင့်
ပေးဆောင်ခြင်း
မြို့တော်ခန်းမ၊
ရပ်ကွက်ရုံးသို့
ကိုယ်တိုင်သွားရောက်ခြင်း
သို့ ARS ဖုန်းဖြင့် ပေးဆောင်ခြင်း
(☎142211)

■ အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ရရှိမည့်ဆိုးကျိုးများ

ဗီဇာသက်တမ်းတိုးခွင့် ကန့်သတ်ခံရခြင်း
▼
ဒဏ်ကြေးငွေ ထပ်မံကောက်ခံရခြင်း
▼
မော်တော်ယာဉ်၊ လစာ၊ ဘဏ်အပ်ငွေ၊ အိမ်ငှားစရံငွေ စသည်တို့ကို သိမ်းဆည်း (ချိတ်ပိတ်) ခံရခြင်း
▼
မော်တော်ယာဉ်လိုင်စင်ပြား သိမ်းဆည်းခံရခြင်း
▼
အိမ်ခြံမြေနှင့် မော်တော်ယာဉ်များကို လေလံတင်ရောင်းချခြင်းခံရခြင်း

※ နိုင်ငံခြားသားများ ပေးဆောင်သော အခွန်များကို နိုင်ငံခြားသားများ နေထိုင်အခြေချရေး၊ အလုပ်အကိုင် ထောက်ပံ့ကူညီရေးနှင့် သက်သာချောင်ချိရေး တိုးမြှင့်ခြင်း စသည့်လုပ်ငန်းများတွင် အသုံးပြုပါသည်။

3-4 ပြည်သူ့ဝန်ဆောင်မှုအသုံးပြုခြင်း

■ မြို့အတွင်းရှိ ရပ်ကွက်ရုံးများ လိပ်စာ

အမည်	လိပ်စာ	ဆက်သွယ်ရန်
အီလ်အွန်းမြောင်ရုံး	7, Jisepo 4-gil, Irun-myeon, Geoje-si	055-639-6001
ဒုံဘူမြောင်ရုံး	16, Dongbu-ro, Dongbu-myeon, Geoje-si	055-639-6002
နမ်ဘူမြောင်ရုံး	30, Nambuhaean-ro, Nambu-myeon, Geoje-si	055-639-6003
ဂေါဂျယ်မြောင်ရုံး	1, Seosang-gil, Geoje-myeon, Geoje-si	055-639-6004
ဒွန်းဒေါ့မြောင်ရုံး	4620, Geojenamseo-ro, Dundeok-myeon, Geoje-si	055-639-6005
ဆာဒွန်မြောင်ရုံး	104, Seongpo-ro, Sadeung-myeon, Geoje-si	055-639-6006
ယောင်းချိုမြောင်ရုံး	11, Jukto-ro, Yeoncho-myeon, Geoje-si	055-639-6007
ဟာချောင်းမြောင်ရုံး	12-7, Hacheong-ro, Hacheong-myeon, Geoje-si	055-639-6008
ဂျန်မို့မြောင်ရုံး	46-1, Jangdong 1-gil, Jangmok-myeon, Geoje-si	055-639-6009
ဂျန်းဆွမ်းဖိုဒုံ ရပ်ကွက်ရုံး	146-25, Jangseung-ro, Jangseungpo-dong, Geoje-si	055-639-6010
နွန်ဖိုဒုံ ရပ်ကွက်ရုံး	182, Neungpo-ro, Neungpo-dong, Geoje-si	055-639-6012
အာဂျူဒို ရပ်ကွက်ရုံး	73, Tapgok-ro, Aju-dong, Geoje-si	055-639-6013
အို့ဖို ၁ရပ်ကွက် ရပ်ကွက်ရုံး	34, Okpodaecheop-ro 4-gil, Okpo-dong, Geoje-si	055-639-6014
အို့ဖို ၂ရပ်ကွက် ရပ်ကွက်ရုံး	20, Okpo-ro 25-gil, Okpo-dong, Geoje-si	055-639-6015
ဂျန်းဖျောင်ဒုံ ရပ်ကွက်ရုံး	10, Jangpyeong 3-ro, Jangpyeong-dong, Geoje-si	055-639-6016
ဂိုဟွန်းဒုံ ရပ်ကွက်ရုံး	21, Gyeryong-ro 11-gil, Gohyeon-dong, Geoje-si	055-639-6017
ဆန်းမွန်ဒုံ ရပ်ကွက်ရုံး	1641, Geojejungang-ro, Sangdong-dong, Geoje-si	055-639-6018
ဆူယန်းဒုံ ရပ်ကွက်ရုံး	26, Jesan-ro 5-gil, Yangjeong-dong, Geoje-si	055-639-6019

TIP

- နိုင်ငံခြားသားများလည်း မိမိနှင့်နီးစပ်ရာ ရပ်ကွက်ရုံးသို့ သွားရောက်၍ နေထိုင်မှုဆိုင်ရာပရိုဂရမ်များတွင် ပါဝင်နိုင်ပါသည်။
- ပရိုဂရမ်များသည် ရပ်ကွက်ရုံးတစ်ခုချင်းစီအလိုက် ကွဲပြားနိုင်သဖြင့် သီးသန့်ဆက်သွယ်စုံစမ်းရန် လိုအပ်ပါသည်။

ဂေါ်ဂျယ်မြို့
နိုင်ငံခြားသား
နေထိုင်မှုလမ်းညွှန်စာအုပ်

4
အပိုင်း

အလုပ်သမားနှင့် လုပ်ငန်းခွင် ရေးရာ

4-1. အလုပ်သမားဥပဒေ လမ်းညွှန် (အလုပ်သမားစာချုပ်နှင့် အလုပ်အခြေအနေများ)

4-2. အလုပ်အာမခံနှင့် သီးသန့်အာမခံ

4-3. အခွင့်အရေးဆိုင်ရာ ကာကွယ်မှု

4-4. အလုပ်သမားရေးရာဆိုင်ရာ အဖွဲ့အစည်းများ

4-1 အလုပ်သမားဥပဒေ လမ်းညွှန် (အလုပ်သမားစာချုပ်နှင့် အလုပ်အခြေအနေများ)

■ အလုပ်စာချုပ်

အမျိုးအစား ခွဲခြားခြင်း	အသေးစိတ်အချက်အလက်များ
အလုပ်သမား ဆိုသည်မှာ	နေ့စား၊ ယာယီ၊ အချိန်ပိုင်း နှင့် အစမ်းခန့် စသည် အလုပ်အကိုင်အမျိုးအစားနှင့် မသက်ဆိုင်ဘဲ လုပ်ခလစာရရှိရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတွင် လုပ်ကိုင်သူအားလုံး အကျုံးဝင်သည်။
အလုပ်စာချုပ်တွင် မဖြစ်မနေ ပါဝင်ရမည့် အချက်အလက်များ	• လုပ်ခလစာ ဖွဲ့စည်းပုံ (အခြေခံလစာ၊ ထမင်းစရိတ်၊ စရိတ်များ၊ စသည်) • လုပ်ခလစာ တွက်ချက်ပုံနှင့် ပေးချေခြင်း နည်းလမ်း • သတ်မှတ်လုပ်ငန်းခွင်အချိန်နှင့် နားနေချိန် • အလုပ်ပိတ်ရက်နှင့် ခွင့်ရက် • အလုပ်လုပ်ရမည့်နေရာနှင့် လုပ်ငန်းတာဝန် • (အချိန်တို) အလုပ်လုပ်ရက်အလိုက် လုပ်ငန်းအချိန်

■ လုပ်ခလစာ

အမျိုးအစားခွဲခြားခြင်း	အသေးစိတ်အချက်အလက်များ
လုပ်ခလစာပေးချေမှုဆိုင်ရာ အခြေခံမှုများ	• ငွေသားဖြင့် ပေးချေခြင်း • ကာယကံရှင်ထံ တိုက်ရိုက် ပေးချေခြင်း • ပေးရန်သတ်မှတ်ထားသော လုပ်ခလစာပမာဏ အပြည့်အဝကို ပေးချေခြင်း • တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ထက်မနည်း သတ်မှတ်ထားသော ရက်တွင် ပေးချေခြင်း • အနိမ့်ဆုံး လုပ်ခလစာနှင့်အထက် ပေးချေခြင်း
လစာရှင်းတမ်း (Pay Slip) မဖြစ်မနေ ရယူရန်	• အလုပ်သမား၏ အချက်အလက် (အမည်၊ မွေးသက္ကရာဇ် စသည်) • လစာထုတ်ရက် • စုစုပေါင်းလုပ်ခလစာ • လုပ်ခလစာ၏ အစိတ်အပိုင်းတစ်ခုစီအတွက် ပမာဏနှင့် တွက်ချက်မှုနည်းလမ်းများ • ဖြတ်တောက်မှု အသေးစိတ် (ဝင်ငွေခွန်၊ အာမခံကြေး စသည်)

■ အလုပ်ချိန်

အမျိုးအစားခွဲခြားခြင်း	အသေးစိတ်အချက်အလက်များ
ဥပဒေအရ သတ်မှတ်ထားသော အလုပ်ချိန်	1 ရက်လျှင် 8 နာရီ၊ 1 ပတ်လျှင် 40 နာရီ (အသက် 18 နှစ်အောက် ဖြစ်ပါက 1 ရက်လျှင် 7 နာရီ၊ 1 ပတ်လျှင် 35 နာရီ)
နားချိန်	• 4 နာရီ အလုပ်လုပ်လျှင် အနည်းဆုံး မိနစ် 30 နားရမည်။ • 8 နာရီ အလုပ်လုပ်လျှင် အနည်းဆုံး 1 နာရီ နားရမည်။ ※ ယေဘုယျအားဖြင့် နေ့လယ်စာစားချိန် 1 နာရီကို နားနေချိန်အဖြစ် သတ်မှတ်သည်။

■ အလုပ်ပိတ်ရက်နှင့် ခွင့်ရက်

အမျိုးအစားခွဲခြားခြင်း	အသေးစိတ်အချက်အလက်များ
ဥပဒေအရသတ်မှတ်ထားသော အလုပ်ပိတ်ရက်	• အစိုးရရုံးပိတ်ရက်များ: အများပြည်သူရုံးပိတ်ရက်၊ လစာပြည့်ခွင့်ရက် • အပတ်စဉ် အလုပ်ပိတ်ရက်: 1 ပတ်လျှင် 1 ရက် လစာပြည့်အလုပ်ပိတ်ရက် (ပုံမှန်အားဖြင့် တနင်္ဂနွေနေ့ ဖြစ်သော်လည်း အခြားနေ့အဖြစ်လည်း သတ်မှတ်နိုင်သည်)
သဘောတူညီချက်အရ အလုပ်ပိတ်ရက်	အလုပ်သမားနှင့် အလုပ်ရှင်တို့ သဘောတူညီချက်အရ သတ်မှတ်ထားသော အလုပ်ပိတ်ရက်
ခွင့်ရက် / အလုပ်ပိတ်ရက်	• (လုပ်သက် 1 နှစ်မပြည့်သေးသော သို့မဟုတ် 1 နှစ်အတွင်း အလုပ်တက်ရက် 80% မပြည့်သော အလုပ်သမား) : 1 လ တိတိ ပျက်ကွက်မှုမရှိ အလုပ်တက်ပါက လစာပြည့်ခွင့်ရက် 1 ရက် ခံစားခွင့်ရှိသည်။ • (1 နှစ်အတွင်း အလုပ်တက်ရက် 80% နှင့်အထက်ရှိသော အလုပ်သမား) : လစာပြည့်ခွင့်ရက် 15 ရက် ခံစားခွင့်ရှိပြီး၊ နောက်ပိုင်းတွင် 2 နှစ်လျှင် 1 ရက်စီ တိုးမြှင့်ပေးကာ အများဆုံး 25 ရက်အထိ ရရှိနိုင်သည်။

4-2 အလုပ်အာမခံနှင့် သီးသန့်အာမခံ

■ အလုပ်အာမခံ

- နိုင်ငံခြားသားအလုပ်သမားများသည်လည်း ကိုရီးယားနိုင်ငံတွင် လုပ်ကိုင်နေစဉ်အတွင်း အလုပ်အာမခံ (အာမခံ ၄ မျိုး) ဆောင်ရမည်ဖြစ်ပြီး၊ အာမခံကြေးကို လုပ်ငန်းရှင်နှင့် အလုပ်သမား အတူတကွ မျှဝေထမ်းဆောင်ရခြင်း သို့မဟုတ် လုပ်ငန်းရှင်မှ အပြည့်အဝ ပေးဆောင်ရမည် ဖြစ်သည်။
- အချို့သောနိုင်ငံများသည် အပြန်အလှန်သဘောတူညီချက်အရ ပင်စင်ကြေး ဆောင်ရန် ကင်းလွတ်ခွင့်ရရှိနိုင်သည်။

အလုပ်အာမခံ (အဓိက အာမခံ၄မျိုး)

အာမခံ အမျိုးအစားများ	အဓိက အကြောင်းအရာ	ဖုန်းနံပါတ်	အာမခံအကျုံးဝင်သူ	ဝက်ဘ်ဆိုက်	မှတ်ချက်
ပင်စင် (လက်ရှိ မြန်မာနိုင်ငံ ခံစားခွင့် မရှိ၊ ဆောင်စရာ မလို)	အသက်ကြီးပိုင်း လူမှုဘဝအာမခံချက်	1355	1 နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသားအလုပ်သမားများ (အပြန်အလှန်သဘောတူညီချက်ရှိသော နိုင်ငံများ မပါဝင်ပါ)	www.nps.or.kr	ပြည်ထွက်လျှင် စုဆောင်းငွေကို တစ်လုံးတစ်ခဲတည်း ထုတ်ယူနိုင်သည်
ကျန်းမာရေး အာမခံ	ရောဂါနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ဆေးကုသစရိတ်ထောက်ပံ့မှု	1577-1000	နိုင်ငံခြားသား မှတ်ပုံတင်ထားသော အလုပ်သမားများ	www.nhis.or.kr	ဇနီး/ခင်ပွန်း၊ သားသမီးများကို မှီခိုသူအဖြစ် မှတ်ပုံတင်နိုင်သည်
အလုပ် အာမခံ	အလုပ်လက်မဲ့ခံစားခွင့်၊ သက်မွေးပညာသင်တန်း ထောက်ပံ့မှု	1350	1 နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသားအလုပ်သမားများ	www.ei.go.kr	အလုပ်လက်မဲ့ဖြစ်ပါက အလုပ်ရှာဖွေရေး ထောက်ပံ့ကြေး ပေးအပ်သည်
လုပ်ငန်းခွင် ထိခိုက်မှု အာမခံ	လုပ်ငန်းခွင်အတွင်း ထိခိုက်မှု၊ ရောဂါရရှိမှု၊ သေဆုံးမှုများအတွက် လျော်ကြေးပေးမှု	1588-0075	နိုင်ငံခြားသား အလုပ်သမား အားလုံး	www.comwel.or.kr	ကုသစရိတ်၊ အလုပ်နားရက်ထောက်ပံ့ကြေး၊ မသန်စွမ်းမှုထောက်ပံ့ကြေးများ ပေးအပ်သည်

■ အလုပ်အကိုင်ခွင့်ပြုချက်စနစ် (EPS) သီးသန့်အာမခံ

EPSဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားအလုပ်သမားများသည် အာမခံ ၄ မျိုးကို မဖြစ်မနေ ဆောင်ရမည်ဖြစ်ပြီး၊ ရည်ရွယ်ချက်အလိုက် အာမခံကြေးပေးဆောင်ရမည့်သူ ကွဲပြားသည်။
အချို့သောအာမခံများသည် ပြည်ထွက်သည့်အခါ ပြန်လည်ထုတ်ယူနိုင်သဖြင့် အာမခံဝင်ခြင်းနှင့် ပြန်လည်ထုတ်ယူခြင်း စည်းမျဉ်းများကို မဖြစ်မနေ သေချာစွာ သိရှိထားရမည်။

● အလုပ်စာချုပ်ရဲ့ အသက်ဝင်တဲ့ရက်က ဘယ်တော့လဲ။

- E-9: (အသစ်) ပြည်ဝင်သည့်ရက်၊ (ပြည်ပြန်ဝင်သူ) လုပ်ငန်းခွင်သို့ရောက်ရှိသည့် နောက်ရက်
- H-2: အလုပ်စာချုပ် စတင်သည့်နေ့

https://eps.go.kr တွင် နိုင်ငံခြားသားအလုပ်သမား အလုပ်အကိုင်ခွင့်ပြုချက်နံပါတ် ရိုက်ထည့်ပြီး ရှာဖွေစစ်ဆေးနိုင်သည်

4-2 အလုပ်အာမခံနှင့် သီးသန့်အာမခံ

အာမခံအမည်	ရည်ရွယ်ချက်	အာမခံဝင်ရမည့်သူ	အဓိက အာမခံချက်များ	အာမခံကြေး ပေးသွင်းရမည့်သူ	မှတ်ချက်	တာဝန်ခံအဖွဲ့အစည်း (ဖုန်းနံပါတ်)
ပြည်ထွက်ခွာမှု သက်တမ်းပြည့်အာမခံ (ဆမ်ဆောင်း)	လုပ်သက်နှစ်ကြေး စုဆောင်းခြင်းနှင့် ပေးအပ်ခြင်း	1 နှစ်နှင့်အထက် လုပ်ကိုင်နေသော နိုင်ငံခြားသားအလုပ်သမား	အလုပ်ထွက်ချိန်တွင် စုဆောင်းငွေ ထုတ်ပေးခြင်း	အလုပ်သမား	နိုင်ငံမှထွက်ခွာချိန်တွင် တစ်လုံးတစ်ခဲတည်း ထုတ်ယူနိုင်ခြင်း	ဆမ်ဆောင်းအာမခံ (1600-0266)
နေရပ်ပြန်စရိတ် အာမခံ	နေရပ်ပြန် လေယာဉ်လက်မှတ်ခ ထောက်ပံ့ခြင်း	နိုင်ငံခြားသား အလုပ်သမား	နိုင်ငံအလိုက် ဝမ် 400,000 မှ 600,000	အလုပ်သမား	ဇနီး/ခင်ပွန်း နှင့် သားသမီးများကို မှီခိုသူအဖြစ် စာရင်းသွင်းနိုင်ခြင်း	ဆမ်ဆောင်းအာမခံ (1600-0266)
အာမခံချက်ပေးသည့်အာမခံ (လုပ်ခလစာမရရှိမှုအတွက်)	လုပ်ခလစာ ပေးချေရန် ပျက်ကွက်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း	လုပ်ငန်းရှင်	မရရှိသေးသော လုပ်ခလစာ အာမခံချက်	လုပ်ငန်းရှင်	အလုပ်လက်မဲ့ဖြစ်ချိန်တွင် အလုပ်ရှာဖွေရေးထောက်ပံ့ကြေး ထုတ်ပေးခြင်း	ဆိုးလ်အာမခံ (02-777-6689)
မတော်တဆထိခိုက်မှု အာမခံ	အလုပ်ပြင်ပ မတော်တဆမှုနှင့် ရောဂါကုသ အာမခံချက်အတွက်	နိုင်ငံခြားသား အလုပ်သမား	အများဆုံး ဝမ် 30,000,000 (သေဆုံးမှု)၊ အများဆုံး ဝမ် 150,000,000 (နောက်ဆက်တွဲ မသန်စွမ်းမှု)	အလုပ်သမား	ဆေးကုသစရိတ်၊ အလုပ်နားရက်ထောက်ပံ့ကြေး၊ မသန်စွမ်းမှုထောက်ပံ့ကြေး ထုတ်ပေးခြင်း	ဆမ်ဆောင်းအာမခံ (1600-0266)

4-3 အခွင့်အရေးဆိုင်ရာ ကာကွယ်မှု

■ လုပ်ခလစာမရရှိခြင်း

အမျိုးအစားခွဲခြားခြင်း	အသေးစိတ်အချက်အလက်
လုပ်ခလစာမရရှိခြင်း ဆိုသည်မှာ	အလုပ်သမားက အလုပ်လုပ်ခဲ့သည့် လုပ်အားခ (လစာ) ကို သတ်မှတ်ထားသော အချိန်မှန်တွင် မရရှိသည့်အခြေအနေ
လုပ်ခလစာမရရှိခြင်းတွင် အကျုံးဝင်သော အခြေအနေများ	• လုပ်ခလစာ အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို မရရှိခြင်း • သတ်မှတ်ထားသော လစာပေးရက်တွင် မရရှိခြင်း • အလုပ်ထွက်ပြီး 14 ရက်အတွင်း လုပ်သက်နှစ်ကြေး မရရှိခြင်း • OT ကြေး၊ ညဆိုင်းကြေး၊ ရုံးပိတ်ရက်အလုပ်လုပ်ခကြေးများ မရရှိခြင်း
တိုင်ကြားရမည့်နည်းလမ်း	• အလုပ်သမားနှင့်အလုပ်အကိုင်ဝန်ကြီးဌာန (☎1350)သို့ တိုင်ကြားစာတင်သွင်းခြင်း • ရဲစခန်းသို့ အမှုဖွင့်တိုင်ချက်ဖွင့်ခြင်း
တောင်းဆိုနိုင်သည့်သက်တမ်းကာလ	• လုပ်ခလစာမရရှိသည့် အချိန်မှစ၍ 3 နှစ်မပြည့်ခင်အထိ

4-3 အခွင့်အရေးဆိုင်ရာ ကာကွယ်မှု

■ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှု (လုပ်ငန်းခွင်မတော်တဆမှု)

အမျိုးအစားခွဲခြားခြင်း	အသေးစိတ်အချက်အလက်
အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှု ဆိုသည်မှာ ဘာလဲ။?	အလုပ်သမားက အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ သေဆုံးခြင်း ဖြစ်ရပ်များ (အလုပ်ခွင်အတွင်း ထိခိုက်မှု၊ အလုပ်အသွားအပြန်လမ်းတွင် ထိခိုက်မှု၊ လုပ်ငန်းခွင်ကြောင့်ဖြစ်သော ရောဂါများ)
အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှု လျော်ကြေးအာမခံ (ဆန်ဂျဲအာမခံ)	• အလုပ်ရှင်က မဖြစ်မနေ ဆောင်ရပြီး အလုပ်ခွင်အတွင်း ထိခိုက်မှုဖြစ်ပွားပါက လျော်ကြေးပေးသည့် အာမခံစနစ် • အလုပ်ခွင်ထိခိုက်မှုအာမခံ (ဆန်ဂျဲအာမခံ) အမျိုးအစားများ ဆေးရုံစရိတ်များ) - အလုပ်နားရက်အတွက် ထောက်ပံ့ကြေး၊ မသန်စွမ်းမှုခံစားခွင့်ကြေး၊ - နာတာရှည်ရောဂါခံစားခွင့်ပင်စင်၊ ပြုစုစောင့်ရှောက်ခကြေး၊ ကျန်ရစ်သူမိသားစုခံစားခွင့်ကြေး၊ နာရေးစရိတ် စသည်တို့ • လျှောက်ထားရန်နည်းလမ်း: အလုပ်သမားလူမှုဖူလုံရေးဌာနတွင် လျှောက်ထားရန် (ဆန်ဂျဲအာမခံအသိအမှတ်ပြု ဆေးရုံများတွင်လည်း တိုက်ရိုက်လျှောက်ထားနိုင်ပါသည်) • စုံစမ်းမေးမြန်းရန်: အလုပ်သမားလူမှုဖူလုံရေးဌာန (☎1588-0075)

■ အကူအညီရယူနိုင်သည့် အဖွဲ့အစည်းများ

ရုံးများ	အကြောင်းအရာ	စုံစမ်းမေးမြန်းခြင်း
အလုပ်သမားနှင့်အလုပ်အကိုင်ဝန်ကြီးဌာန	မရရှိသေးသော လုပ်ခလစာများကို ရရှိနိုင်ရန် တောင်းဆိုပေးခြင်း စသည်	1350
အလုပ်သမားလူမှုဖူလုံရေးဌာန	အလုပ်ခွင်အတွင်း ထိခိုက်မှုဖြစ်ပွားပါက ဆန်ဂျဲလျော်ကြေးလျှောက်ထားပေးခြင်း	1588-0075
ကိုရီးယားနိုင်ငံခြားသားအလုပ်သမား ကူညီပံ့ပိုးရေးစင်တာ	လုပ်ခလစာမရရှိခြင်း၊ လုပ်ငန်းခွင်ပြောင်းရွှေ့ခြင်း၊ အလုပ်ခွင်ထိခိုက်မှုလျော်ကြေး စသည်	1644-0644
ကိုရီးယား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာန	နိုင်ငံခြားသားအလုပ်သမားများ၏ အခက်အခဲများကို ဖြေရှင်းပေးခြင်း (ဘာသာစကား ၁၈ မျိုးဖြင့် ဆွေးနွေးတိုင်ပင်နိုင်သည်)	1577-0071
ကိုရီးယားတရားဥပဒေရေးရာဆိုင်ရာဌာန	လူမှုရေးအရ အားနည်းသူများ၏ ထိခိုက်နစ်နာမှုကို ကူညီပေးခြင်း၊ လူ့အခွင့်အရေးကာကွယ်ပေးခြင်း၊ ဥပဒေအရ ဆွေးနွေးတိုင်ပင်ပေးခြင်း၊ တရားရင်ဆိုင်ရာတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်း	132

■ အခမဲ့ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်း

ဆွေးနွေးနိုင်သူ	နေရာ	အကြောင်းအရာ	ဆွေးနွေးမည့်ပုံစံ	စုံစမ်းမေးမြန်းခြင်း
ဂေါ်ဂျယ် မြို့ခံ မည်သူမဆို (မှတ်ပုံတင်ထားသော နိုင်ငံခြားသားများ အပါအဝင်)	ဂေါ်ဂျယ် မြို့တော်ခန်းမ ပင်မအဆောက်အဦး ဒုတိယထပ်ရှိ အမြဲတမ်း စစ်ဆေးရေးခန်း	တရားမမှု၊ ရာဇဝတ်မှု၊ အိမ်ထောင်ရေးမှု စသည့် ပြည်သူများ၏ နေ့စဉ်ဘဝနှင့် သက်ဆိုင်သော ဥပဒေရေးရာကိစ္စရပ်များ	ဥပဒေအကြံပေးနှင့် (1:1) လူချင်းတွေ့ဆုံ ဆွေးနွေးခြင်း (1 ဦးလျှင် မိနစ် 20 အတွင်း)	ဂေါ်ဂျယ်မြို့တော်ခန်းမ စာရင်းစစ်ရုံး 055-639-3175

※ သတိပြုရန်: မဖြစ်မနေ ကြိုတင်ဘိုကင်တင်ပြီးမှသာ ဆွေးနွေးနိုင်ပါသည်။

4-3 အခွင့်အရေးဆိုင်ရာ ကာကွယ်မှု

■ အခမဲ့ အလုပ်သမားရေးရာ ဆွေးနွေးတိုင်ပင်ခြင်း

ဆွေးနွေးနိုင်သူ	နေရာ	အကြောင်းအရာ	ဆွေးနွေးမည့်ပုံစံ	စုံစမ်းမေးမြန်းခြင်း
ဂေါ်ဂျယ် မြို့ခံ မည်သူမဆို (မှတ်ပုံတင်ထားသော နိုင်ငံခြားသားများ အပါအဝင်)	ဂေါ်ဂျယ် ရစ်ဘွန်ပလာဇာ ၆ လွှာ အစည်းအဝေးခန်း	လုပ်ခလစာ ကြန့်ကြာမှု၊ မတရား အလုပ်ထုတ်ခံရမှု၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေး စသည်တို့	တရားဝင် အလုပ်သမားရေးရာ ကျွမ်းကျင်သူနှင့် (1:1) လူချင်းတွေ့ဆုံ ဆွေးနွေးခြင်း (1 ဦးလျှင် မိနစ် 20 အတွင်း)	ဂေါ်ဂျယ်မြို့တော်ခန်းမ သဘော်ကျင်းလုပ်ငန်း ကူညီပံ့ပိုးရေးဌာန 055-639-4454

※ သတိပြုရန် - မဖြစ်မနေ ကြိုတင်ဘိုကင်တင်ပြီးမှသာ ဆွေးနွေးနိုင်ပါသည်။

4-4 အလုပ်သမားရေးရာဆိုင်ရာ အဖွဲ့အစည်းများ

■ ဂေါ်ဂျယ်မြို့ အလုပ်သမားဖူလုံရေးစင်တာ

တည်နေရာ		75 Tapgok-ro, Geoje-si, Gyeongnam (Aju-dong)
ဖွင့်လှစ်ချိန်		တနင်္လာ~သောကြာ: 09:00~22:00 / စနေ: 09:00~18:00 / (တနင်္ဂနွေနှင့် ရုံးပိတ်ရက်များ ပိတ်ပါသည်)
အဓိက အကြောင်းအရာများ	ခန်းမ ငှားရမ်းခြင်း	အစည်းအဝေးခန်းမ (အကြီး၊ အလတ်၊ အသေး)/သင်တန်းခန်းမ (1)၊ သင်တန်းခန်းမ (2) / ဝါသနာအသင်းခန်းမ (1, 2, 3, 4) / ကွန်ပျူတာနှင့် သတင်းအချက်အလက် သင်တန်းခန်းမ / အဖွဲ့လိုက် ကိုယ်လက်လှုပ်ရှားခန်းမ / ဘုံသုံး မီးဖိုချောင်/စားပွဲတင်တင်းနစ် ကစားကွင်း / အများပြည်သူကြည့်ရှုနိုင်သော ပြပွဲနေရာ
	အစီအစဉ်များ	· ယဉ်ကျေးမှုနှင့် အနုပညာ ပုံမှန်သင်တန်းများ / တစ်ရက်တာ သင်တန်း အစီအစဉ်များ · ဝါသနာအသင်း လှုပ်ရှားမှုစရိတ် ပံ့ပိုးခြင်း၊ အလုပ်သမားသမဂ္ဂ Workshop များ၊ အလုပ်တသက်တာအနားယူခြင်းလမ်းညွှန်၊ ဒစ်ဂျစ်တယ် နည်းပညာ သင်တန်း၊ အလုပ်သမားရေးရာနှင့် လူမှုရေးရာ ဆိုင်ရာ သင်တန်းအမျိုးမျိုး · ရွှေ့ပြောင်းအလုပ်သမားများအတွက် ကိုရီးယားဘာသာစကားသင်တန်းများ
စုံစမ်းမေးမြန်းခြင်း		055-682-2266
လှုပ်ရှားမှုဓာတ်ပုံများ		

■ ဂေါ်ဂျယ်မြို့ ဝန်ထမ်းမဟုတ်သော အလုပ်သမား ကူညီပံ့ပိုးရေးစင်တာ

တည်နေရာ		ပထမထပ်, 75 Tapgok-ro, Geoje-si၊ Gyeongnam (Aju-dong)
ရုံးဖွင့်ချိန်		တနင်္လာ~သောကြာ: 08:30~18:00
အဓိက အကြောင်းအရာများ	အစီအစဉ်	· အားနည်းသော အလုပ်သမားများ၏ လက်ရှိအခြေအနေကို စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်ခြင်း · အားနည်းသော အလုပ်သမားများအတွက် အခမဲ့ အလုပ်သမား အကြံပေးဝန်ဆောင်မှု (လူကိုယ်တိုင်၊ အင်တာနက်၊ ဖုန်း) · အားနည်းသော အလုပ်သမားများအတွက် ဥပဒေအကြံပေး အထောက်အပံ့
စုံစမ်းမေးမြန်းခြင်း		055-633-8416
လှုပ်ရှားမှုဓာတ်ပုံများ		

5
အပိုင်း

နေထိုင်မှုနှင့် ပတ်ဝန်းကျင်

5-1. နေထိုင်မှု (အိမ်ငှား) လမ်းညွှန်

5-2. အမှိုက် စွန့်ပစ်နည်းလမ်း လမ်းညွှန်

5-1 အိမ် (ငှားရမ်းခြင်း) လမ်းညွှန်

■ အိမ်ငှားစာချုပ်

အိမ်ပြန်ငွေပြန်	လစဉ်ငှားရမ်းခ	စပေါ်ငွေ
အိမ်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို စပေါ်ငွေအဖြစ် ပေးကာ ငှားရမ်းနေထိုင်ပြီးနောက်၊ စာချုပ်သက်တမ်းကုန်ဆုံးပါက အာမခံငွေကို ပြန်လည်ရရှိသည့် အမျိုးအစား	အိမ်ငှားက အိမ်ရှင်ကို လစဉ် အိမ်ငှားခ ပေးဆောင်သည့် အမျိုးအစား	နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြွေးများကို အာမခံရန်အတွက် သတ်မှတ်ထားသော ဆက်ဆံရေးရှိသူများအကြား လွှဲပြောင်းပေးအပ်သည့် ငွေကြေး

■ စာချုပ်ချုပ်ဆိုရာတွင် သတိပြုရမည့်အချက်များ

- စာချုပ်မချုပ်ဆိုမီ ထိုနေ့ထုတ် အိမ်ခြံမြေမှတ်ပုံတင်လက်မှတ်နှင့် အိမ်ခြံမြေအကျိုးဆောင်၏ လိုင်စင်တို့ကို မပျက်မကွက် စစ်ဆေးရမည်
- စာချုပ်ချုပ်ဆိုပြီးနောက် နေရပ်လိပ်စာပြောင်းရွှေ့ကြောင်းတိုင်ကြားခြင်း (လိပ်စာပြောင်း တိုင်ကြားခြင်း) နှင့် စာချုပ်ရက်စွဲအတည်ပြုချက်ထောက်ခံစာကို ဦးစားပေးရယူရမည်

5-2 အမှိုက်စွန့်ပစ်ခြင်းနည်းလမ်း လမ်းညွှန်

■ အမှိုက်ခွန်စည်းကြပ်အိတ်ဖြင့် စွန့်ပစ်ခြင်းဆိုင်ရာ နည်းစနစ်

အိမ်သုံးအမှိုက် အမျိုးအစားခွဲခြားခြင်း

အမျိုးအစားခွဲခြားခြင်း		မီးလောင်ကျွမ်းနိုင်သော အမှိုက်များ	မီးမလောင်နိုင်သော အမှိုက်များ
အသုံးပြုရမည့်အိတ်		အမှိုက်ခွန်စည်းကြပ်အိတ် (အစိမ်းနုရောင် သို့မဟုတ် အဖြူရောင်)	ပလတ်စတစ်အိတ်ခွံ/ ဂုန်နီအိတ် (အဝါရောင်)
ပမာဏအလိုက်		3, 5, 10, 20, 50, 75ℓ	20, 50ℓ
ထည့်ရမည့် အမှိုက်	မြို့ပေါ်ရပ်ကွက် ဒေသ	မိမိအိမ်တံခါးရှေ့	မိမိအိမ်တံခါးရှေ့
	ကျေးရွာ ဒေသ	နေထိုင်ရာနေရာနှင့် နီးစပ်သော သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရန်နေရာ	နေထိုင်ရာနေရာနှင့် နီးစပ်သော သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရန်နေရာ
စွန့်ပစ်ရမည့်နေ့ရက်		တနင်္ဂနွေမှ သောကြာနေ့အထိ	အပတ်စဉ် ဗုဒ္ဓဟူးနေ့
စွန့်ပစ်ရမည့်အချိန်		နေဝင်ချိန်မှ နောက်ရက် နံနက် 4 နာရီအထိ	
ဆက်သွယ်ရန်		ဂေါ်ဂျယ်မြို့တော်ခန်းမ အရင်းအမြစ်ပြန်လည်အသုံးပြုရေးဌာန 055-639-4814	

5-2 အမှိုက် စွန့်ပစ်နည်းလမ်း လမ်းညွှန်

■ စားသောက်ကုန်စွန့်ပစ်ပစ္စည်း သီးခြားခွဲထုတ်စွန့်ပစ်နည်း

စားသောက်ကုန် စွန့်ပစ်ပစ္စည်း စွန့်ပစ်ရာတွင် လိုက်နာရန်အချက်များ

စွန့်ပစ်ရမည့်နေ့ရက်များ	စွန့်ပစ်ရမည့်အချိန်	စွန့်ပစ်နည်းလမ်း
တနင်္ဂနွေနေ့မှ သောကြာနေ့အထိ	နေဝင်ချိန်ကနေ နောက်တစ်နေ့ မနက် 4 နာရီအထိ	စားသောက်ကုန်စွန့်ပစ်ပစ္စည်းများကို အခြားပြင်ပပစ္စည်းများ ဖယ်ရှားပြီး ရေဓာတ်ကို တတ်နိုင်သမျှ ကုန်အောင်ညှစ်ထုတ်ပြီးနောက် သီးသန့်စွန့်ပစ်ပုံးထဲသို့ ထည့်ရပါမည်။ စွန့်ပစ်သည့်အကြိမ်တိုင်း ပုံးအရွယ်အစားနှင့် ကိုက်ညီသော အခကြေးငွေပေးဆောင်ပြီးကြောင်း သက်သေခံတံဆိပ် (ချစ်ပ်ပြား) ကို ကပ်၍ အိမ်ရှေ့တံခါးဝတွင် ထားရှိစွန့်ပစ်ရပါမည်။

စားသောက်ကုန် စွန့်ပစ်ပုံးထဲသို့ မထည့်ရမည့် အခြားပြင်ပပစ္စည်းများ

နွား၊ ဝက်အမွေးနှင့် အရိုးများ	တိရစ္ဆာန်အရိုးကြီးများ
ခရုကဲ့သို့သော အခွံမာရေသတ္တဝါ အခွံများ	ခရု၊ ကမာ၊ ယောက်သွား စသည်တို့
အခွံမာသီးအခွံများ၊ သစ်သီးအစေ့များ	သစ်ကြားသီးခွံများ၊ မက်မွန်သီးအစေ့များ
ဟင်းသီးဟင်းရွက်များ၏ အခွံခြောက်များ	ကြက်သွန်ဖြူရိုး၊ ပြောင်းဖူးရိုး
တစ်ခါသုံး လက်ဖက်ရည်ထုပ်များ	လက်ဖက်စိမ်း၊ လက်ဖက်ခြောက်၊ မုယောစပါးလက်ဖက်ရည်ထုပ်များ
အခြား ပစ္စည်းများ	ငါးဥနှင့် ကိုယ်တွင်းအင်္ဂါများကဲ့သို့သော အဆိပ်အတောက်ဖြစ်စေသော အရာများနှင့် ဆေးဖက်ဝင်အပင်များမှရရှိသော အကြွင်းအကျန်များ

စားသောက်ကုန်စွန့်ပစ်ပုံးနှင့် အခကြေးငွေပေး ဆောင်ပြီးကြောင်း သက်သေခံတံဆိပ် ဈေးနှုန်းများ

စွန့်ပစ်ပုံး ဆံ့ဝင်မှု	စွန့်ပစ်ပုံးဈေးနှုန်း	အမှိုက်ပစ် စတေကာ ဈေးနှုန်း
5ℓ	ဝမ် 12,000	ဝမ် 220
15ℓ	ဝမ် 16,000	ဝမ် 660
25ℓ	-	ဝမ် 1,100
60ℓ	ဝမ် 58,000	ဝမ် 2,640
120ℓ	ဝမ် 70,000	ဝမ် 5,280
အရောင်းဆိုင်	နောက်စာမျက်နှာပါ အကြောင်းအရာကို ကိုးကားကြည့်ပါ။	စွန့်ပစ်ပစ္စည်းအိတ် အရောင်းဆိုင်
ဆက်သွယ်ရန်	ဂေါ်ဂျယ်မြို့တော်ခန်းမ အရင်းအမြစ်ပြန်လည်အသုံးပြုရေးဌာန 055-639-4814	

5-2 အမှိုက် စွန့်ပစ်နည်းလမ်း လမ်းညွှန်

အစားအသောက် စွန့်ပစ်ပစ္စည်း သီးသန့် စွန့်ပစ်ပုံး ရောင်းချသည့်နေရာ

ဆိုင်အမည်	ဖုန်းနံပါတ်	တည်နေရာ
ဒယ်ဟန် မီးဖိုချောင်သုံးပစ္စည်း ကုန်တိုက်	055-636-8700	ဂိုဟျန်းရပ်ကွက်
ဂျီဆဲဖိုတော့ပ် မိသားစုမတ်	055-681-6660	အီလွန်းမြို့နယ်
ဂျန်းဆွမ်းဖိုနုံယော့ မတ်, အာဂျူဆိုင်ခွဲ	055-682-4995	အာဂျူရပ်ကွက်
ဒယ်ဆောင်း အထွေထွေ မီးဖိုချောင်သုံးပစ္စည်းဆိုင်	055-638-1030	ဆန်းဒုန်းရပ်ကွက်
Winmart (၅ လီတာ သီးသန့်သာ ရောင်းချသည်)	055-681-6633	နုန်းဖိုရပ်ကွက်
ဆက်သွယ်ရန်	ဂေါ်ဂျယ်မြို့တော်ခန်းမ အရင်းအမြစ်ပြန်လည်အသုံးပြုရေးဌာန 055-639-4835	

■ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နည်း

ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာရန်အချက်များ

- **စွန့်ပစ်နည်းလမ်း**: ဆေးကြောပြီးနောက် အမျိုးအစားအလိုက် ရောနှောခြင်းမပြုဘဲ အကြည်အိတ်များတွင် တစ်ခုချင်းစီ သီးခြားစီထည့်၍ ခွဲခြားစွန့်ပစ်ရန်
- **စွန့်ပစ်ချိန်**: နေဝင်ချိန်မှ စတင်၍ နောက်နေ့ မနက်အစောပိုင်း 4 နာရီအထိ
- **စွန့်ပစ်နေရာ**: မြို့ပေါ်ရပ်ကွက် - မိမိအိမ် (သို့မဟုတ် ဆိုင်) တံခါးဝရှေ့၊
  ကျေးလက်ဒေသ - သတ်မှတ်ထားသော စွန့်ပစ်နေရာ
  (အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာ)

ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ စွန့်ပစ်ရက်များ

နေ့ရက်	တနင်္ဂနွေနေ့	တနင်္လာနေ့	အင်္ဂါနေ့	ဗုဒ္ဓဟူးနေ့	ကြာသပတေးနေ့	သောကြာနေ့	စနေနေ့
ကျေးလက်ဒေသ	စွန့်ပစ်ခြင်း မပြုရ	စတိုင်ရိုဖော့မ် ပလတ်စတစ်အိတ် PET ပုလင်းအကြည်	စွန့်ပစ်ခြင်း မပြုရ	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ် မီးရှို့၍မရသော အမှိုက်များ (PP အိတ်)	PET ပုလင်းအကြည် ပလတ်စတစ်	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ်	စွန့်ပစ်ခြင်း မပြုရ
မြို့ပေါ် ရပ်ကွက်	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ်	စတိုင်ရိုဖော့မ် ဗီနိုင်း PET ပုလင်းအကြည်	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ်	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ် မီးရှို့၍မရသော အမှိုက်များ (PP အိတ်)	စတိုင်ရိုဖော့မ် PET ပုလင်းအကြည် ပလတ်စတစ်	စက္ကူ ဖန်ပုလင်း သတ္တု ပလတ်စတစ်	စွန့်ပစ်ခြင်း မပြုရ

5-2 အမှိုက် စွန့်ပစ်နည်းလမ်း လမ်းညွှန်

■ အိမ်သုံးအမှိုက်ကြီးများနှင့် ဘက်ထရီအဟောင်းများ စသည်တို့ကို စွန့်ပစ်နည်း

အိမ်သုံးအမှိုက်ကြီးများကို စွန့်ပစ်ခြင်းအတွက် လမ်းညွှန်ချက်များ



- **အိမ်သုံးအမှိုက်ကြီးဆိုတာ ဘာလဲ။ နေ့စဉ်ထွက်ရှိသော စွန့်ပစ်ပစ္စည်းများထဲမှ?**

